တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်း အဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားရုံးချုပ်၏ ညွှန်ကြားချက်ကို လက်ရှိကျင့်သုံးဆောင်ရွက်မှုအခြေအနေ၊ တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို စိစစ်အရေးယူရန် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းပေးနိုင်ရေး၊ သယံဇာတများကို အကြီးစား၊ အလတ်စား တူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ခွင့်ကို ဥပဒေနှင့်အညီ ခွင့်ပြုပေးနိုင်ရေး၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြို့မဈေးကြီးပြန်လည်တည်ဆောက်ရေး၊ မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ရေး၊ လမ်းမီးတိုင်နှင့် လမ်းမီးများတပ်ဆင်၊ ပြုပြင်ပေးနိုင်ရေး၊ လမ်းအဆင့် မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များဖွဲ့စည်းအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **ပြည်ထောင်စုတရားရုံးချုပ်၏ ၁၈-၁၂-၁၉၉၀ ရက်စွဲပါ ညွှန်ကြားချက်အား ကျင့်သုံးဆောင်ရွက်လျက် ရှိ မရှိနှင့် မရှိပါက အဘယ့်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းချို ကဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပြီး၊ နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲပါကြောင်း၊ တရားစီရင်ရေး

ဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မိမိစီရင်ပိုင်ခွင့်အတွင်းရှိ တရားရုံးများကို လည်းကောင်း၊ ခရိုင်တရားရုံးများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရား လွှတ်တော်၏ လမ်းညွှန်ချက်နှင့်အညီ မိမိစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများကို လည်းကောင်း အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲပါကြောင်း။

ထိုသို့ တရားစီရင်ရေးလုပ်ငန်း ကြီးကြပ်ကွပ်ကဲရာတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသည့် ယခင်တရားရုံးချုပ်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်များကို လိုက်နာသည့် အပြင် လိုအပ်သည့် ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ဆောင်ရွက်ပါကြောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် တရားသူကြီးများ၏ တရားစီရင်ရေးမှားယွင်းမှုအပြင် ကျင့်ဝတ်၊ စီမံခန့်ခွဲမှုနှင့် လုပ်ထုံး လုပ်နည်း မလိုက်နာခြင်း၊ အားနည်းခြင်းတို့ကိုလည်း သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်း မလိုက်နာခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ တရားစီရင်ရေးမှားယွင်းခြင်းတို့အတွက် တရားရေး အရာရှိ/ တရားသူကြီး အား သတိပေးခြင်း၊ နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း၊ ရာထူးအဆင့် လျော့ချခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းဖြင့် အသီးသီးအရေးယူခဲ့ပါကြောင်းနှင့် ယခင် တရားရုံးချုပ်၏ ညွှန်ကြားစာအပြင် အခြားတည်ဆဲ ညွှန်ကြားချက်များကို လည်း လိုက်နာဆောင်ရွက်လျက်ရှိ ပါကြောင်းပြန်လည်ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးတင်မိုးအောင် (ခ) နေရှိုင်း၏ **တရားရုံးများရှိ Complaint Box များမှ တင်ပြစာများကို အရေးယူဆောင်ရွက်ရန်အတွက် သီးခြားစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းချို က တရားရုံးများတွင် တရားမျှတမှု ရရှိရေး၊ ပြည်သူများ၏ တရားရုံးအပေါ် ယုံကြည်မှုတိုးမြှင့်လာစေရန်နှင့် တရားရုံးလုပ်ငန်း များပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားရုံးအသီးသီးတွင် ပြည်သူများ၏

အခက်အခဲ တိုင်ကြားချက်များနှင့် အကြံပြုချက်များကို တင်ပြနိုင်ရန် Complaint Box စုစုပေါင်း ၃၉၆ လုံး ထားရှိပြီးဖြစ်ပါကြောင်း။

တင်ပြစာများကို စိစစ်ပြီးနောက် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ရှေးဦးစုံစမ်းရေးအဖွဲ့ သို့မဟုတ် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ဆောင်ရွက်ပြီး စစ်ဆေးပေါ်ပေါက်ချက်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်စီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ်ခံယူဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံး အသီးသီး၌ ထားရှိသော Complaint Box မှတစ်ဆင့် တင်ပြလာသည့်စာများကိုလည်း တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာတရားရုံးကြီးကြပ်သူအရာရှိ ဦးဆောင်သည့် စိစစ်ရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးပြီး ဝင်စာမှတ်ပုံတင်ရေးသွင်းကာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက အထက်အဆင့်ဆင့်သို့ တင်ပြလမ်းညွှန်မှုခံယူပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။ သို့ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအသီးသီး၌ ထားရှိသော Complaint Boxများမှ ပြည်သူများ၏ တင်ပြစာများကို ပုံမှန်ဖွင့်ဖောက်စိစစ်ပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **ဖားကန့်ရှိ သယံဇာတများအား အကြီးစားနှင့်အလတ်စားတူးဖော်ခွင့်မပြုဘဲ အသေးစားနှင့် လက်လုပ် လက်စား တူးဖော်ခွင့်ကို စည်းကမ်းနှင့်အညီ ခွင့်ပြုပေး ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး က ဖားကန့်ရတနာနယ်မြေသည် လက်ရှိအခြေအနေအရ နယ်မြေလုံခြုံရေး တည်ငြိမ်မှုမရှိခြင်း၊ ဘူမိဗေဒဖြစ်စဉ်အရ အရည်အသွေး ကောင်းမွန်သည့် ကျောက်စိမ်း ဖြစ်ပေါ်လာရန် နှစ်သန်းပေါင်းများစွာ အချိန်လိုအပ်ခြင်း၊ ကျောက်စိမ်း၊ ကျောက်မျက် သယံဇာတများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် သားစဉ်မြေးဆက် ရေရှည်

အသုံးပြုနိုင်စေရေးအတွက် ရည်ရွယ်ပြီး တူးဖော်ထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်ခြင်း များကြောင့် ဖားကန့်ရတနာနယ်မြေအတွင်း အသေးစားတူးဖော်ထုတ်လုပ်မှုနှင့် လက်လုပ် လက်စားတူး ဖော်ထုတ်လုပ်မှုများကို ခွင့်ပြုပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **MSME ထုတ်ကုန်များ၏ ဈေးကွက် တိုးမြှင့်ရေး၊ အသုံးပြုမှုမြှင့်တင်ရေးနှင့် ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများတွင် Local Content Policy နှင့် Product Placement Guideline ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက မြန်မာ့ထုတ်ကုန်များကို လူသိများစေရေး၊ မြန်မာ့ထုတ်ကုန်များကို ဂုဏ်ယူစွာအသုံးပြုလာစေရေးနှင့် MSMEs ကဏ္ဍမြှင့် တင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများမှ ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီ အစဉ်များ၊ Talk Show များ စသည်ဖြင့် အစီအစဉ်များအား ဦးစားပေး ထုတ်လွှင့်လျက်ရှိပါကြောင်း၊ "ဒေသတစ်ခု ထုတ်ကုန် တစ်ခု" အစီအစဉ်နှင့် ဒေသအသီးသီးရှိ MSME လုပ်ငန်းများအား သွားရောက်ရိုက်ကူးပြီး အင်တာဗျူးများ၊ ဆွေးနွေးပွဲများ၊ Programများဖြင့်လည်းကောင်း၊ တေးသီချင်းများဖြင့် လည်းကောင်း ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများတွင် ဖော်ပြဆောင်ရွက် လျက်ရှိပါကြောင်း။

MSME ထုတ်ကုန်များကို MRTV-HD နှင့် MRTV Entertainment တို့တွင် အပတ်စဉ် ရုပ်ရှင် (၉)ကား၊ ဇာတ်လမ်းတွဲ(၄)တွဲဖြင့် ထည့်သွင်းအသုံးပြုလျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာ ရေးနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းကျောင်း ဆိုင်ရာ ဇာတ်လမ်းတို (၁)ပုဒ်၊ စက်မှုကုန်ကြမ်းသီးနှံ (ဝါ၊ ဝါး၊ ရော်ဘာ)နှင့် ဆီထွက်သီးနှံ (နှမ်း၊ နေကြာ၊ ပဲပုပ်) ဆိုင်ရာ အသိပညာပေး ဇာတ်လမ်းတို (၄)ပုဒ်၊ ပြည်တွင်း MSME ထုတ်ကုန်အခြေခံ ရုပ်သံဇာတ်လမ်းတွဲ (၃)တွဲ ရိုက်ကူးရန် လျာထား ဆောင်ရွက်လျက်ရှိပါကြောင်းပြန်လည် ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ကြိုးဖုန်းဆက်သွယ်မှုများ မပြတ်တောက်စေရေး စီမံပေး ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေး

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ယခုအခါ မိုဘိုင်းဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာပြီး လွယ်ကူစွာအသုံးပြုလာနိုင်သဖြင့် အော်တိုတယ်လီဖုန်းသုံးစွဲမှုများ နည်းပါးလာခဲ့ကြောင်း၊ ပုဗ္ဗသီရိမြို့နယ်တွင် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းကို ၂၀၁၀ ခုနှစ်တွင် စတင်တပ်ဆင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဘက်စုံသုံးအိတ်ချိန်း MSAN ဖြင့် အစားထိုးလဲလှယ် တပ်ဆင်ခဲ့ပါကြောင်း၊ အဆိုပါအိတ်ချိန်းမှ တယ်လီဖုန်းသုံးစွဲသူများအား ဝန်ဆောင်မှုပေးလျက်ရှိရာ ကြေးကြိုးကေဘယ်လ်သက်တမ်းမှာ ၁၅ နှစ်ခန့် ကြာမြင့်နေပြီ ဖြစ်ခြင်းကြောင့် လျှပ်ကူးအရည်အသွေးနိမ့်ကျလာပြီး ကြုံခိုင်မှုလည်း လျော့နည်းလာခဲ့ပါကြောင်း။

လက်ရှိအသုံးပြုလျက်ရှိသော ကြေးကြိုးကွန်ရက်သုံး ဘက်စုံသုံးအိတ်ချိန်း Multi Service Access Node (MSAN) စနစ်အား OLT စနစ်ဖြင့်အစားထိုးတပ်ဆင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တွင် MSAN စနစ်အသုံးပြုထားသော အော်တိုဖုန်းလိုင်းစနစ်မှ ချို့ယွင်းလျက်ရှိသော ကြေးကြိုးကေဘယ်လ်များ လဲလှယ်ရန် ကုန်ကျမှု OLT စနစ်အား အပိုင်းလိုက် လဲလှယ်ရန်ကုန်ကျမှုနှင့် OLTစနစ်ဖြင့် အလုံးစုံလဲလှယ်ရန် ကုန်ကျမှုတို့အား အသေးစိတ် နှိုင်းယှဉ်တွက်ချက်ပြီး အကောင်းဆုံးနည်းလမ်းဖြင့် အော်တိုတယ်လီဖုန်းလိုင်းကောင်းမွန်စေရေးဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုးနဲ့ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့နှင့် မြို့ကို ဆက်သွယ်ထားသော ဆက်သွယ်ရေးကွန်ရက်များ ပိုမိုကောင်းမွန်စေရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် က ကျိုင်းတောင်းမြို့ မိုဘိုင်းဆက်သွယ်မှု အဆင်ပြေစေရန် ယခုအခါ Mytel အနေဖြင့် မိုက္ကရိုဝေ့ဗ် အဝေး ဆက်ကြောင်းဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနေရာမှ ဖိုင်ဘာကေဘယ်ဆက်ကြောင်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

Mytel မှ ကျိုင်းတောင်းမြို့ရှိ ပြည်သူများ တယ်လီဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်ဝန်ဆောင်မှုများကို ကောင်းမွန်စွာရရှိ အသုံးပြုနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်ဖွဲ့ဖြိုးတိုးတက် ရေးနှင့်

ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)နှင့် ATOM တို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကိုလည်း အပြည့်အဝရရှိအသုံးပြုနိုင်စေရန် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့၊ မြို့မဈေးကြီးအား ပြန်လည်တည်ဆောက်ပေးရန်နှင့် မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်များ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ် က မြိတ်မြို့၊ မြို့မဈေးကြီး အဆင့်မြှင့်တင်ရန် ကျန်ရှိသည့်အလျား ၃၄၇ ပေ ၊ အနံ ပေ ၁၇၀ အား Steel Structure ဖြင့် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် သန်း ၄၈၀၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေခွဲဝေရရှိမှုအရ မြို့မဈေးကြီးအား ခေတ်မှီအဆင့်မြှင့် ဈေးကြီးအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း၌ စက်ရေတွင်း ၁ တွင်း၊ ပေ ၃၀ အမြင့် ဂါလန် ၅၀၀၀ ဆံ့ ကွန်ကရစ်ရေစင် ၁ ခုနှင့် ဂါလန် ၆၀၀ ဆံ့ မြေစိုက်အုတ်ရေလှောင်ကန် ၁ ကန် တို့အားဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ဈေးအကျိုးဆောင်အဖွဲ့မှ မီးဘေးကာကွယ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိပါကြောင်း၊ မြို့မဈေးသန့်ရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်း ယာဉ် ၁ စီး၊ လုပ်သား ၉ ဦးဖြင့် နေ့စဉ်အမှိုက်သိမ်းဆည်းခြင်း (120 Liter) အမှိုက်ပုံး ၂၀ ဖြင့် ယာယီအမှိုက်စွန့်ပစ်ရန် နေရာများ စီစဉ်ပေးခြင်းနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ် မှုမရှိစေရေး ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဈေးအတွင်းအပြင် အမှိုက်ကင်းစင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၏ **ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ကျန်စစ်သားလမ်းမကြီး၊ ကုန်းဘောင်လမ်းမကြီး၊ မင်းရဲကျော်စွာလမ်းမကြီးနှင့် အမှတ်(၇) လမ်းမကြီးတို့တွင် လမ်းမီးတိုင် များနှင့်လမ်းမီးများ တပ်ဆင်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်

က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိလမ်းမကြီးများဖြစ်သည့် ကျန်စစ်သားလမ်းမကြီးတွင် အမှတ်(၂)လမ်းဆုံမှ ကုန်းဘောင်လမ်းအထိ လမ်းမီးဓာတ်အားလိုင်းတပ်ဆင်ထားနိုင်ခြင်း မရှိသေးပါကြောင်း၊ ကုန်းဘောင်လမ်းမှဗိုလ်မှူးဗထူးလမ်းအထိ လမ်းမီးဓာတ်အားလိုင်းများ ချို့ယွင်းနေသော ကြောင့်အကြီးစားပြုပြင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကုန်းဘောင်လမ်းမကြီး (ကျန်စစ်သားလမ်းမှ အနော်ရထာလမ်းအထိ) လက်ရှိတွင် လမ်းမီးလုံး (၅၄)လုံး တပ်ဆင်ထားပြီး ဓာတ်အားလိုင်း ပျက်စီးနေခြင်း Breaker ချို့ယွင်းနေခြင်းနှင့် လမ်းမီးလုံးချို့ယွင်းနေခြင်းများအား ယခုနှစ်အတွင်း ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မင်းရဲကျော်စွာလမ်းမကြီး တစ်လျှောက်တွင် လမ်းတိုးချဲ့ခြင်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် မလွတ်ကင်းသော ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မင်းရဲကျော်စွာလမ်းမကြီး (ဒဂုံတက္ကသိုလ်အဝင်မှ ထန်းတပင်လမ်းဆုံအထိ)လမ်းမီးဓာတ်အားလိုင်း (၁)မိုင်အသစ် တည်ဆောက်တပ်ဆင်သွားမည်ဖြစ်ပါကြောင်း။

အမှတ်(၇)လမ်းမကြီး (အမှတ်(၂)လမ်းဆုံမှ ငမိုးရိပ်ချောင်းအထိ) ၂ ဒသမ ၄ မိုင်ခန့်အား လမ်းဦးစီးဌာနမှ လမ်းတိုးချဲ့ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား လိုင်းတိုင်များ လမ်းနယ်နမိတ်အဆုံးထိ ရွှေ့ပြောင်းခဲ့ပြီးဖြစ်ပါကြောင်း၊ နောင်တွင် (၈)လမ်းသွားလမ်းအဖြစ် အဆင့်မြင့်တင်ရန် လျာထားလျက်ရှိပါသဖြင့်လက်ရှိ ဓာတ်အားလိုင်းတိုင်များတွင် လမ်းမီးတပ်ဆင်ပါကလမ်းလယ်သို့အလင်းရောင်ကောင်းမွန်စွာ မရောက်ရှိနိုင်၍ လမ်းလယ်တွင် လမ်းလယ်ကျွန်း လမ်းမီးတိုင်တပ်ဆင်ထွန်းညှိနိုင်ရေးလမ်းဦးစီးဌာနနှင့် ညှိနှိုင်း၍ စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ်၊ အလယ်ကုန်း-ကန့်လန့်ကုန်းလမ်းအား တာဘောင်ချဲ့ခြင်း၊ ဂဝံခင်းခြင်းနှင့် ၎င်းအပေါ်တွင် ကမ်းကပ်ခုံနှင့် Box Culvert (၂) စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ်၊ စိန်ပု-အလယ်ကုန်း-ကန့်လန့် ကုန်းလမ်းသည် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၂ မိုင် ရှိပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြေသားလမ်း ၄ဒသမ၃ ဖာလုံအား ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဆောင်ရွက်ပြီးစီးပါက ကျန်ရှိသောမြေသားလမ်းပိုင်း ၄ ဒသမ ၅၈ ဖာလုံ အနက် ၂ ဒသမ ၅ ဖာလုံသည် မိုးတွင်းကာလတွင် သွားလာရခက်ခဲလျက်ရှိပြီး အဆိုပါလမ်းပိုင်းပေါ်ရှိ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသော Box culvert (၂) စင်းမှာ ကြမ်းခင်းများ ပျက်စီးနေပြီး ကြံ့ခိုင်မှု မရှိသည့်အတွက် ပြုပြင်ခြင်းလုပ်ငန်းအား ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်အပိုင်း ဂဝံခင်းခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြ- မကွေရာ-ကျွန်းဦး- မကျီးကုန်း- ရွာဘို- မီးသွေးဘုတ် ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြ - မကွေရာ - ကျွန်းဦး - မကျီးကုန်း - ရွာဘို - မီးသွေးဘုတ်လမ်း သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အဆင့်လမ်းဖြစ်ပြီး စုစုပေါင်း ၉ မိုင် ရှိပါကြောင်း။

အဆိုပါလမ်း ၉ မိုင်တွင် ၆ မိုင် ဝ ဒသမ ၁၇ ဖာလုံသည် ပျက်စီးလျက်ရှိပါကြောင်းနှင့် လတ်တလော သွားလာရေး အဆင်ပြေစေရန်အတွက် အမာခံလမ်း ၆ မိုင် ဂ ဒသမ ၁၇ဖာလုံအား ဂျင်းခင်းပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမာခံလမ်းအဆင့်မှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှ စတင်ပြီး တိုင်းဒေသ ကြီးငွေလုံးငွေရင်း

ရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းအား လတ်တလော ဦးစားပေးအစီအစဉ်၌ မပါဝင်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ်၊ အုံမု- ဘော်ကြို လမ်းမမှ မူးလေး ကျေးရွာအထိ လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုး က ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ အုံမု - ဘော်ကြိုလမ်းမှ မူးလေး ကျေးရွာအထိ လမ်းသည် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်ပြည်နယ်မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး အမာခံလမ်း ၁ မိုင် ၅ ဖာလုံနှင့် မြေသားလမ်း ၃ ဖာလုံ၊ စုစုပေါင်း ၂ မိုင် ရှိပါကြောင်း၊ အဆိုပါလမ်း (၂) မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြီးမှသာ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ဘော်ကြို - မူးလေး လမ်း (၂) မိုင် အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းပြန်လည် ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်းမြို့ နယ်၊ လောင့်ကြီးကျေးရွာ၊ ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုး က သဲကုန်းမြို့နယ်၊ လောင့်ကြီး - ဆင်ကျုံးလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အရှည် ၁ မိုင် ၁ ဖာလုံခန့်ရှိ မြေနီလမ်း ဖြစ်ပြီး လက်ရှိ လမ်းအခြေအနေမှာ ကောင်းမွန်လျက်ရှိပါကြောင်း၊ ကျေးလက်လမ်းမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးစားပေးဆောင်ရွက်ရန် များစွာရှိနေပါသဖြင့် ရန်ပုံငွေရရှိမှု အခြေအနေအရ ကွန်ကရစ်လမ်းအဖြစ် လတ်တလောအဆင့်မြှင့်တင်ဆောင်ရွက် ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းက မြန်မာ- ဘယ်လာရုစ်၊ မြန်မာ- အင်ဒိုနီးရှား၊ မြန်မာ- တောင်ကိုရီးယား၊ မြန်မာ- ကာဇက်စတန်၊ မြန်မာ- မလေးရှား နှင့် မြန်မာ- ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းရန်နှင့်

အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး အဖွဲ့များ တွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းများ၊ အဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**